



**VOLUME XI, ISSUE 9** **9 December 2021**


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General VONG PISEN တို့ Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေး | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်တပ်နယ်ရှိ ရှေးဟောင်းတပ်မတော်ညှော်ရိပ်သာများ ထိန်းသိမ်းထားရှိမှုနှင့် နွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေး | ၃ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၂ ခုနှစ်အတွက် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား | ၉ |
| ၄ | နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကမ္ဘောဒီးယားနိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက် | ၁၀ |
| ၅ | (၁၀) ကြိမ်မြောက် မဲခေါင်ဒေသခွဲနိုင်ငံများ၏ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချခြင်းဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးကျင်းပ | ၁၂ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆ | စစ်တက္ကသိုလ်၏ (၆၂) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ | ၁၃ |
| ၇ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ CITIC Group နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ Memorandum of Agreement လက်မှတ်ရေးထိုး | ၁၄ |
| ၈ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီး နှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၁၅ |
| ၉ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်း | ၁၇ |
| ၁၀ | အကြမ်းဖက်အဖွဲ့များ၏ ဘာသာရေးအပေါ် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေမှုများအား ထပ်မံဖြစ်ပွားမှုမရှိစေရေး တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးက အင်တိုက်အားတိုက် ပူးပေါင်းပါဝင်တားဆီးကြရန် မေတ္တာရပ်ခံ | ၁၈ |
| ၁၁ | မုံရွာမြို့အတွင်း လုပ်ကြံသတ်ဖြတ်မှုများနှင့် အကြမ်းဖက်ဖောက်ခွဲရေး ဆောင်ရွက်ခဲ့သော MHG အကြမ်းဖက်အဖွဲ့ဝင်များ ဖမ်းဆီးရမိ | ၂၀ |
| ၁၂ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဟောင်း ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီးဟောင်း ဒေါက်တာထွန်းနိုင်နှင့် ဒုတိယဝန်ကြီးဟောင်း ဦးခင်မောင်ဝင်းတို့အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ | ၂၅ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General VONG PISEN တို့ Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေး




Cambodia - Myanmar Meeting

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဒီဇင်ဘာလ ၈ ရက်က ကမ္ဘောဒီးယားဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General VONG PISEN နှင့် Video Conf-erencing ဖြင့် တွေ့ဆုံဆွေးနွေးခဲ့ရာတွင်-

- မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများနှင့် ရခိုင်ပြည်နယ် အရေးကိစ္စရပ်များတွင် ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် နားလည်မှုအပြည့်ဖြင့် ရပ်တည်ဆောင်ရွက်ပေးခဲ့မှု အခြေအနေများ။
- ကမ္ဘောဒီးယားနိုင်ငံ၏ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်မှုအတွက် မြန်မာနိုင်ငံအနေဖြင့် တတ်နိုင်သည့်ကဏ္ဍများတွင် အပြည့်အဝ ပါဝင်ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများ။
- အာဆီယံနိုင်ငံများအချင်းချင်း စည်းလုံးညီညွတ်ရန်နှင့် အာဆီယံနိုင်ငံအားလုံး အာဆီယံပဋိညာဉ်များကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး အချို့သောနိုင်ငံများက အာဆီယံပဋိညာဉ်အား ချိုးဖောက်ဆောင်ရွက်မှုများကြောင့် အဖွဲ့ဝင်နိုင်ငံများအားလုံးအပေါ် ထိခိုက်မှုရှိနိုင်သည့် အခြေအနေများ။
- နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ခဲ့မှုအခြေအနေများနှင့် နယ်ပယ်ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်နိုင်မည့်အခြေအနေများ။
- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် ကမ္ဘောဒီးယားဘုရင့်တပ်မတော်မှ ဆေးကုသရေးအဖွဲ့များ မြန်မာနိုင်ငံသို့ လာရောက်မည့်အခြေအနေများ။
- ကမ္ဘာ့နိုင်ငံအချို့တွင် ဖြစ်ပေါ်နေသည့် အိုမီခရွန် ကိုဗစ်-၁၉ ဗီဇပြောင်းရောဂါပိုး ကာကွယ်ရေးဆိုင်ရာများတွင်လည်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ။
- ၂၀၂၂ ခုနှစ် မတ်လအတွင်း ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပပြုလုပ်မည့် (၁၉) ကြိမ်မြောက် အာဆီယံကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေးအပါအဝင် အာဆီယံဆိုင်ရာအစည်းအဝေးများနှင့် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးစဉ်များအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်အရာရှိကြီးများအနေဖြင့် ကိုယ်တိုင်တက်ရောက်နိုင်ရေး ဖိတ်ကြားသည့်အခြေအနေများ။
- နှစ်နိုင်ငံရေတပ်နှစ်ရပ်အကြား စစ်ရေယာဉ်များ အပြန်အလှန်ချစ်ကြည်ရေး ခရီးစဉ်စေလွှတ်နိုင်ရေး ဆောင်ရွက်မည့်အခြေအနေများနှင့် ကမ္ဘောဒီးယားနိုင်ငံမှ အာဆီယံ







အလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ချိန်တွင် အာဆီယံ နိုင်ငံများ၏ ဘုံအကျိုးစီးပွားကို အနှောင်အဖွဲ့ကင်းကင်း ဖြင့် ဖော်ဆောင်နိုင်ရေးအတွက် အာဆီယံပဋိညာဉ်နှင့်အညီ ဆောင်ရွက်နိုင်ပါစေကြောင်း တိုက်တွန်းပြောကြားခဲ့။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ စစ်ဦးစီး အရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် စစ် ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး တို့တက်ရောက်ကြပြီး ကမ္ဘောဒီးယားဘုရင့်တပ်မတော်ကာ ကွယ်ရေးဦးစီးချုပ်နှင့်အတူ ကမ္ဘောဒီးယားဘုရင့်တပ်မတော် မှ သုတေသနနှင့် ထောက်လှမ်းရေးဌာနအကြီးအကဲ Lieute-nant General Hann Sovann၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် သူရလှမင်းနှင့် ကမ္ဘောဒီးယားဘုရင့်တပ်မတော်မှ တာဝန်ရှိသူများ တက်ရောက် ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၉-၁၂-၂၀၂၁)**

- **အာဆီယံနိုင်ငံများအချင်းချင်း စည်းလုံးညီညွတ်ရန်နှင့် အာဆီယံနိုင်ငံအားလုံး အာဆီယံပဋိညာဉ်များကို လိုက်နာ ဆောင်ရွက်ရန်လိုအပ်ပြီး အချို့သောနိုင်ငံများက အာဆီယံပဋိညာဉ်အား ချိုးဖောက်ဆောင်ရွက်မှုများကြောင့် အဖွဲ့ဝင်နိုင်ငံများအားလုံးအပေါ် ထိခိုက်မှုရှိနိုင်သည့် အခြေအနေများ။**
- **ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် ကမ္ဘောဒီးယားဘုရင့်တပ်မတော်မှ ဆေးကုသရေးအဖွဲ့များ မြန်မာနိုင်ငံသို့ လာရောက်မည့် အခြေအနေများ။**
- **နှစ်နိုင်ငံ ရေတပ်နှစ်ရပ်အကြား စစ်ရေယာဉ်များ အပြန်အလှန်ချစ်ကြည်ရေး ခရီးစဉ်စေလွှတ်နိုင်ရေးဆောင်ရွက်မည့် အခြေအနေများ။**
- **ကမ္ဘောဒီးယားနိုင်ငံမှ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ချိန်တွင် အာဆီယံနိုင်ငံများ၏ ဘုံအကျိုးစီးပွားကို အနှောင်အဖွဲ့ကင်းကင်းဖြင့် ဖော်ဆောင်နိုင်ရေးအတွက် အာဆီယံပဋိညာဉ်နှင့်အညီ ဆောင်ရွက်နိုင်ပါစေကြောင်း တိုက်တွန်းပြောကြားခဲ့။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်တပ်နယ်ရှိ ရှေးဟောင်းတပ်မတော်ညွှေ့ရိပ်သာများ ထိန်းသိမ်းထားရှိမှုနှင့် နွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေး



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရှေးဟောင်းတပ်မတော်ညွှေ့ရိပ်သာ သဇင်မြိုင်အဆောက်အဦအား ပြုပြင်ထိန်းသိမ်းထားရှိမှုဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများအား ကြည့်ရှုနေမှု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီအဖွဲ့ဝင်များ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဒီဇင်ဘာလ ၈ ရက်တွင် ပြင်ဦးလွင်တပ်နယ်ရှိ ရှေးဟောင်းတပ်မတော်ညွှေ့ရိပ်သာများ ထိန်းသိမ်းထားရှိမှုနှင့် နွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှေးဟောင်းတပ်မတော်ညွှေ့ရိပ်သာများဖြစ်သည့် သဇင်မြိုင်၊ ချယ်ရီမြိုင်နှင့် ယုဇနမြိုင်တို့၏ ထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား ရှေးဟောင်းအဆောက်အဦများဖြစ်သည့်အတွက် မူလပုံစံမပျက် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်သည့် အခြေအနေများနှင့် ထိန်းသိမ်းမှု ဆောင်ရွက်ရာတွင် ထည့်သွင်းအသုံးပြုရန်လိုအပ်သည့် ပရိဘောဂများနှင့် အခြားအသုံးအဆောင်ပစ္စည်းများကို ရှေးဟောင်းလက်ရာပစ္စည်းများသာ အတတ်နိုင်ဆုံး ရှာဖွေထည့်သွင်းသုံးစွဲရန် လိုအပ်သည့်အခြေအနေများနှင့်ပတ်သက်၍ မှာကြားခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ထုံးဘိုကျေးရွာရှိ ဒီဇင်ဘာနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၊ နောင်ခမ်းကြီးကျေးရွာရှိ ရှမ်း(မ်)မလိုင်မလိုင်ထုတ်လုပ်ရေးလုပ်ငန်း၊ နာရီစင်အနီးရှိ ပါရမီမလိုင်မုန့်ဆိုင်တို့သို့ ကြည့်ရှုစစ်ဆေးခဲ့ပြီး နို့စားနွားမွေးမြူရေးလုပ်ငန်းရှင်များနှင့် မလိုင်လုပ်ငန်းရှင်များအား တွေ့ဆုံ၍-

- မြန်မာနိုင်ငံအတွက်လိုအပ်သည့် နို့ထွက်ပစ္စည်းများအား တစ်နှစ်လျှင် ဒေါ်လာ သန်း ၅၀ ဖိုးခန့် ပြည်ပမှတင်သွင်းနေရသည့်အတွက် ပြည်တွင်း၌ နွားမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်၍ နို့ထွက်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပငွေသုံးစွဲမှုများအား လျှော့ချနိုင်မည်ဖြစ်ကြောင်း။
- နို့စားနွားများအား စနစ်တကျမွေးမြူမည်ဆိုပါက ပြင်ဦးလွင်ဒေသသည် အောင်မြင်နိုင်သည့်ဒေသတစ်ခုဖြစ်သဖြင့် အောင်မြင်အောင် ဆောင်ရွက်စေလိုကြောင်း။
- ပြင်ဦးလွင်ဒေသမှ ထုတ်လုပ်သည့်မလိုင်များအရည်အသွေးကောင်းမွန်စေရန်နှင့် ထုပ်ပိုးမှုစနစ်များ ကောင်းမွန်အောင်ဆောင်ရွက်၍ နိုင်ငံတစ်ဝန်း ဖြန့်ဖြူးရောင်းချနိုင်ရေးဆောင်ရွက်ရန်လိုကြောင်း။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရှေးဟောင်းတပ်မတော်ဧည့်ရိပ်သာ သဇင်မြိုင်အဆောက်အဦအား ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေများအား ကြည့်ရှုနေမှု**

- နိုင်ငံတော်အစိုးရအနေဖြင့် နို့ကိုအခြေခံသည့် ထုတ်ကုန်ပစ္စည်းများနှင့် ဒေသထွက်သီးနှံများကို အသုံးပြု၍ တန်ဖိုးမြင့်စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် တတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ပေးမည်ဖြစ်ပြီး အိမ်တွင်းအသေးစားစက်မှုလုပ်ငန်း(SME)များကိုလည်း ကူညီဖော်ဆောင်ပေးလျက်ရှိကြောင်း။
- နိုင်ငံအတွင်း နွားနို့၊ ဒိန်ချဉ်နှင့် မလိုင်စသည့် နို့ထွက်ပစ္စည်းများ ပေါများအောင် ထုတ်လုပ်နိုင်ခြင်းဖြင့် နိုင်ငံသားများအတွက် အာဟာရပြည့်ဝစွာဖြင့် စားသုံးနိုင်မည်ဖြစ်သဖြင့် ပြင်ဦးလွင်ဒေသတွင် နို့စားနွားများအား စနစ်တကျဖြင့် မွေးမြူ၍ ဆောင်ရွက်စေလိုကြောင်း တိုက်တွန်းပြောကြားခဲ့။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် လုပ်ငန်းရှင်များ၏ ရှင်းလင်းပြောကြားမှုများအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

**(မြဝတီသတင်းစာ ၉-၁၂-၂၀၂၁)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်တပ်နယ်ရှိ ရှေးဟောင်းတပ်မတော်ဧည့်ရိပ်သာများ ထိန်းသိမ်းထားရှိမှုနှင့် နွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့။**
- **မြန်မာနိုင်ငံအတွက်လိုအပ်သည့် နို့ထွက်ပစ္စည်းများအား တစ်နှစ်လျှင် ဒေါ်လာ သန်း ၅၀ ဖိုးခန့် ပြည်ပမှ တင်သွင်းနေရသည့်အတွက် ပြည်တွင်း၌ နွားမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်၍ နို့ထွက်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပငွေသုံးစွဲမှုများအား လျှော့ချနိုင်မည်ဖြစ်။**
- **နိုင်ငံတော်အစိုးရအနေဖြင့် နို့ကိုအခြေခံသည့် ထုတ်ကုန်ပစ္စည်းများနှင့် ဒေသထွက်သီးနှံများကို အသုံးပြု၍ တန်ဖိုးမြင့်စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် တတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ပေးမည်ဖြစ်ပြီး အိမ်တွင်းအသေးစားစက်မှုလုပ်ငန်း (SME) များကိုလည်း ကူညီဖော်ဆောင်ပေးလျက်ရှိ။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်တပ်နယ်ရှိ ရှေးဟောင်းတပ်မတော်ဧည့်ရိပ်သာများ ထိန်းသိမ်းထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးနေမှု မှတ်တမ်းဓာတ်ပုံများ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရှေးဟောင်းတပ်မတော်ဧည့်ရိပ်သာ ယုဇနမြိုင်အဆောက်အဦအား ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေများအား ကြည့်ရှုနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရှေးဟောင်းတပ်မတော်ဧည့်ရိပ်သာ ချယ်ရီမြိုင်အဆောက်အဦအား ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေများအား ကြည့်ရှုနေမှု

# ပြင်ဦးလွင်တပ်နယ်ရှိ ရှေးဟောင်းတပ်မတော်ဧည့်ရိပ်သာများ ထိန်းသိမ်းထားရှိမှုမှတ်တမ်းဓာတ်ပုံများ



ရှေးဟောင်းချယ်ရီမြိုင်တပ်မတော်ဧည့်ရိပ်သာ(မပြုပြင်မီ)



ရှေးဟောင်းချယ်ရီမြိုင်တပ်မတော်ဧည့်ရိပ်သာ(ပြုပြင်ပြီး)



ရှေးဟောင်းသဇင်မြိုင်တပ်မတော်ဧည့်ရိပ်သာ(မပြုပြင်မီ)



ရှေးဟောင်းသဇင်မြိုင်တပ်မတော်ဧည့်ရိပ်သာ(ပြုပြင်ပြီး)



ရှေးဟောင်းယုဇနမြိုင်တပ်မတော်ဧည့်ရိပ်သာ(မပြုပြင်မီ)



ရှေးဟောင်းယုဇနမြိုင်တပ်မတော်ဧည့်ရိပ်သာ(ပြုပြင်ပြီး)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ



ဒီဇင်ဘာနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းရှိ နို့စားနွားမွေးမြူထားရှိမှုများအား သွားရောက်ကြည့်ရှုနေမှု



ဒီဇင်ဘာနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းရှိ နို့ထွက်ပစ္စည်းထုတ်လုပ်မှုများအား သွားရောက်ကြည့်ရှုနေမှု

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ



ရှမ်း(မ်)မလိုင် မလိုင်ထုတ်လုပ်ရေးလုပ်ငန်း ထုတ်လုပ်ပုံအဆင့်ဆင့်ကို သွားရောက်ကြည့်ရှုနေမှု



ပါရမီမလိုင်မုန့်ဆိုင်တွင် နို့ထွက်ပစ္စည်းများရောင်းချနေမှုကို ကြည့်ရှုအားပေးနေမှု

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၂ ခုနှစ်အတွက် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား





၂၀၂၂ ခုနှစ်အတွက် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့အစည်းအဝေးကို ဒီဇင်ဘာလ ၈ ရက်တွင် နေပြည်တော်၊ ရုံးအမှတ်(၈)၊ အရိန္ဒမာခန်းမ၌ကျင်းပခဲ့ပါသည်။ အစည်းအဝေး၌ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့နာယက၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားရာတွင်–

- နိုင်ငံတော်အစိုးရအနေဖြင့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်(၁၂)မျိုးအား ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် "ပဏာမစိစစ်ရေးအဖွဲ့များ"နှင့် "စိစစ်ရေးအဖွဲ့"တို့က အဆင့်ဆင့် စိစစ်ပြီး ၂၀၂၂ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်၊ လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း။
- ၂၀၂၁ ခုနှစ်ကာလအတွင်း နိုင်ငံတော်ကို ထူးကဲစွာအကျိုးပြုသည့် ဂုဏ်ပြုချီးမြှင့်ထိုက်သူ လူပုဂ္ဂိုလ်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် နိုင်ငံ့ဝန်ထမ်းများကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်နိုင်ရေးအား စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။
- နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ တာဝန်ယူဆောင်ရွက်စဉ်ကာလအတွင်း မိမိ၏အသက်အန္တရာယ်ကို မငဲ့ကွက်ဘဲ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော နိုင်ငံ့ဝန်ထမ်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်သွားမည်ဖြစ်ကြောင်း။
- စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်နိုင်ရေးအတွက် ၂၀၀၉ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာပြဋ္ဌာန်းချက်၊ ၂၀၁၄ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်ကို ဖြည့်စွက်ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုပြုလုပ်သည့် စိစစ်ရေးအဖွဲ့အစည်းအဝေးက ထပ်မံစိစစ်ကာ အစည်းအဝေးဆုံးဖြတ်ချက်များနှင့်အညီ ဂုဏ်ပြုချီးမြှင့်နိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း။
- သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များအား အရည်အချင်းသတ်မှတ်ချက်များနှင့်အညီ ဆက်ကပ်လှူဒါန်းနိုင်ရေးအတွက် "သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်

ကပ်အပ်နှင်းရေးဆိုင်ရာ စိစစ်ရေးအဖွဲ့" ကစိစစ်ပြီး ၂၀၂၂ ခုနှစ်တွင် ဆက်ကပ်လှူဒါန်းချီးမြှင့်နိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း။

ချီးမြှင့်သင့်ချီးမြှင့်ထိုက်သော ရဟန်းတော်များ၊ သီလရှင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ရရှိသင့်ရရှိထိုက်သော ပုဂ္ဂိုလ်များမကျန်ရှိစေရေးနှင့် ထိုသို့ချီးမြှင့်အပ်နှင်းခံရမည့် ပုဂ္ဂိုလ်များ၏ အရည်အချင်းမှာ သားစဉ်မြေးဆက် ဂုဏ်ယူဝံ့ကြွားနိုင်သော ထိုက်တန်သည့် စွမ်းဆောင်ရည်များကိုသာ ချီးမြှင့်ခြင်းမျိုးဖြစ်စေရေးအတွက် ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။

အစည်းအဝေးသို့ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့် အပ်နှင်းရန် စိစစ်ရေးအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၉-၁၂-၂၀၂၁)**

- **ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များနှင့် စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ် (၁၂) မျိုးတို့အား ၂၀၂၂ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ချီးမြှင့်ပေးသွားမည်ဖြစ်။**
- **စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်နိုင်ရေးအတွက် ၂၀၀၉ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာပြဋ္ဌာန်းချက်၊ ၂၀၁၄ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်ကို ဖြည့်စွက်ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုပြုလုပ်သည့် စိစစ်ရေးအဖွဲ့အစည်းအဝေးက ထပ်မံစိစစ်ပြီး အစည်းအဝေးဆုံးဖြတ်ချက်များနှင့်အညီ ဂုဏ်ပြုချီးမြှင့်နိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ ဆက်လက်တင်ပြသွားမည်ဖြစ်။**
- **ချီးမြှင့်သင့်ချီးမြှင့်ထိုက်သော ရဟန်းတော်များ၊ သီလရှင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ရရှိသင့်ရရှိထိုက်သော ပုဂ္ဂိုလ်များမကျန်ရှိစေရေးနှင့် ထိုသို့ချီးမြှင့်အပ်နှင်းခံရမည့် ပုဂ္ဂိုလ်များ၏ အရည်အချင်းမှာ သားစဉ်မြေးဆက်ဂုဏ်ယူဝံ့ကြွားနိုင်သော ထိုက်တန်သည့် စွမ်းဆောင်ရည်များကိုသာ ချီးမြှင့်ခြင်းမျိုးဖြစ်စေရေးအတွက် ဝိုင်းဝန်းဆွေးနွေးကြစေလို။**

## နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကမ္ဘောဒီးယားနိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက်

ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာပရတ်ဆုတ်ခွန်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ အထူးကိုယ်စားလှယ်အဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဒီဇင်ဘာ ၆ ရက်မှ ၇ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက်ခဲ့ပါသည်။

ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပင်မြို့သို့ ရောက်ရှိနေစဉ် ဒီဇင်ဘာ ၇ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘောဒီးယားနိုင်ငံ၊ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်အား တွေ့ဆုံပြီး-

- နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ သာမက အာဆီယံနည်းလမ်းနှင့် စိတ်ဓာတ်ကို အခြေခံလျက် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်စဉ်ကာလအတွင်း ဦးစားပေးပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များနှင့် စပ်လျဉ်း၍ဆွေးနွေးခဲ့။



ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘောဒီးယားနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ပရတ်ဆုတ်ခွန်းနှင့်တွေ့ဆုံပြီး-


- မြန်မာ-အာဆီယံပူးပေါင်းဆောင်ရွက်ရေး၊ အာဆီယံမိသားစုစိတ်ဓာတ်နှင့် စည်းလုံးညီညွတ်ရေးစိတ်ဓာတ်တို့ကို အခြေခံလျက် အာဆီယံမူဘောင်အောက်တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စတို့ကို ဆွေးနွေးခဲ့။
- ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ၊ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များကိုလည်း ရှင်းလင်းပြောကြားခဲ့။

ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးက တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ပြီး ဒီဇင်ဘာ ၇ ရက်တွင် မြန်မာနိုင်ငံသို့ပြန်လည်ထွက်ခွာခဲ့ပါသည်။

**(မြဝတီသတင်းစာ ၉-၁၂-၂၀၂၁)**

- **နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ခိုင်မာစေရေး သာမက အာဆီယံနည်းလမ်းနှင့် စိတ်ဓာတ်ကို အခြေခံလျက် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်စဉ် ကာလအတွင်း ဦးစားပေးပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များနှင့် စပ်လျဉ်း၍ဆွေးနွေးခဲ့။**
- **မြန်မာ-အာဆီယံပူးပေါင်းဆောင်ရွက်ရေး၊ အာဆီယံမိသားစုစိတ်ဓာတ်နှင့် စည်းလုံးညီညွတ်ရေးစိတ်ဓာတ်တို့ကို အခြေခံလျက် အာဆီယံမူဘောင်အောက်တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စတို့ကို ဆွေးနွေးခဲ့။**
- **ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ၊ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များကိုလည်း ရှင်းလင်းပြောကြားခဲ့။**

# (၁၀) ကြိမ်မြောက် မဲခေါင်ဒေသခွဲနိုင်ငံများ၏ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချခြင်းဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးကျင်းပ




(၁၀) ကြိမ်မြောက် မဲခေါင်ဒေသခွဲနိုင်ငံများ၏ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချခြင်းဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးကို ဒီဇင်ဘာလ ၈ ရက်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် လက်ခံကျင်းပခဲ့ပါသည်။

အစည်းအဝေးသို့ သံယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် အဆင့်မြင့်အရာရှိကြီးများ၊ မဲခေါင်ဒေသခွဲနိုင်ငံများဖြစ်ကြသော ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံဆိုင်ရာ မိုးလေဝသဌာန (ASEAN Specialized Meteorological Center)တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ဆွေးနွေးပြောကြားရာတွင်-

- မဲခေါင်ဒေသအတွင်း သစ်တောများ၊ ဒေသမျိုးရင်းအပင်များနှင့် တိရစ္ဆာန်များ၊ သတ္တုတွင်းထွက်ပစ္စည်းများ၊ စိမ့်မြေများနှင့် အဏ္ဏဝါအရင်းအမြစ်များစသည့် ထူးခြားကွဲပြားသော ဂေဟစနစ်များ ကြွယ်ဝသော်လည်း ယခုအခါ ပျက်စီးယိုယွင်းမှုများနှင့် ကြုံတွေ့နေမှုအပေါ် ကာကွယ်နိုင်ရေးအတွက် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးကြောင်း။
- အထူးသဖြင့် တောမီးများနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုသည် မဲခေါင်နိုင်ငံများအပါအဝင် အာဆီယံဒေသအတွင်း အရေးတကြီး ပူးပေါင်းဖြေရှင်းရမည့် ဒေသအတွင်း ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာဖြစ်ပါကြောင်း။
- မြန်မာနိုင်ငံအနေဖြင့် အမျိုးသားအဆင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။
- နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချခြင်းသဘောတူညီချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မဲခေါင်ဒေသနိုင်ငံအားလုံးနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့။

မဲခေါင်ဒေသခွဲနိုင်ငံများ၏ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချခြင်းဆိုင်ရာ လုပ်ငန်းကော်မတီ၏ အစီရင်ခံစာကို မြန်မာနိုင်ငံကိုယ်စားလှယ်မှ တင်ပြဆွေးနွေးပြီး ဒေသအတွင်းပူးပေါင်းဆောင်ရွက်ခြင်းကို မြှင့်တင်သွားရန်နှင့် ချင်းရိုင် (၂၀၁၇) လုပ်ငန်းစီမံချက်အရ မီးလောင်ကျွမ်းမှုအရေအတွက် (Hot Spot) လျှော့ချရေး ရည်မှန်းချက်အောင်မြင်ရေးတို့ကို အစည်းအဝေးမှ အတည်ပြုသတင်းထုတ်ပြန်ခဲ့ပါသည်။

**(မြဝတီသတင်းစာ ၉-၁၂-၂၀၂၁)**

- မဲခေါင်ဒေသခွဲနိုင်ငံများ၏ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချခြင်းဆိုင်ရာ လုပ်ငန်းကော်မတီ၏ အစီရင်ခံစာကို မြန်မာနိုင်ငံကိုယ်စားလှယ်မှ တင်ပြဆွေးနွေးခဲ့။
- ဒေသအတွင်းပူးပေါင်းဆောင်ရွက်ခြင်းကို မြှင့်တင်သွားရန်နှင့် ချင်းရိုင် (၂၀၁၇) လုပ်ငန်းစီမံချက်အရ မီးလောင်ကျွမ်းမှု အရေအတွက် (Hot Spot) လျှော့ချရေး ရည်မှန်းချက် ပြင်ဆင်ခြင်းတို့ကို အစည်းအဝေးမှ အတည်ပြုခဲ့။

## စစ်တက္ကသိုလ်၏ (၆၂) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ




စစ်တက္ကသိုလ်၏ (၆၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ဒီဇင်ဘာလ ၈ ရက်တွင် ပြင်ဦးလွင်တပ်နယ်ရှိ စစ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့ရာ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

စစ်တက္ကသိုလ် ပါမောက္ခချုပ်က ဝိဇ္ဇာဘွဲ့ရရှိသူ (၆၀) ဦး၊ စီးပွားရေးပညာဘွဲ့ရရှိသူ (၂၀) ဦး၊ ဝါဏိဇ္ဇဗေဒဘွဲ့ရရှိသူ (၁၀) ဦး၊ သိပ္ပံဘွဲ့ရရှိသူ (၂၇၆) ဦး၊ ကွန်ပျူတာသိပ္ပံဘွဲ့ရရှိသူ (၁၁၄) ဦးနှင့် ကွန်ပျူတာနည်းပညာဘွဲ့ရရှိသူ (၁၀၈) ဦးတို့အား ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းခဲ့ပြီး ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပေးခဲ့ပါသည်။ စစ်တက္ကသိုလ် အနေဖြင့် ပထမအကြိမ်ဘွဲ့နှင်းသဘင်မှ ယခု (၆၂) ကြိမ် မြောက် ဘွဲ့နှင်းသဘင်အထိ ကျောင်းဆင်းအရာရှိပေါင်း ၃၃,၀၆၅ ဦးကို အခြေခံဘွဲ့များ ပေးအပ်ချီးမြှင့်နိုင်ခဲ့ပါသည်။

**(မြဝတီသတင်းစာ ၉-၁၂-၂၀၂၁)**

- **စစ်တက္ကသိုလ်၏ (၆၂) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဘွဲ့ရရှိသူ ကျောင်းဆင်းအရာရှိစုစုပေါင်း ၅၈၈ ဦးအား ဘွဲ့လက်မှတ်များချီးမြှင့်နိုင်ခဲ့။**
- **ပထမအကြိမ်ဘွဲ့နှင်းသဘင်မှ ယခု (၆၂) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အထိ ကျောင်းဆင်းအရာရှိပေါင်း ၃၃,၀၆၅ ဦးကို အခြေခံဘွဲ့များ ပေးအပ်ချီးမြှင့်နိုင်ခဲ့။**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ CITIC Group နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ Memorandum of Agreement လက်မှတ်ရေးထိုး



တရုတ်ပြည်သူ့သမ္မတနိုင်ငံ CITIC Group နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ လက်မှတ်ရေးထိုးသည့် Memorandum of Agreement လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဒီဇင်ဘာလ ၈ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ပွင့်ဆန်းက–

- ယခုချုပ်ဆိုမည့် Memorandum of Agreement တွင် ရေရှည်ညှိနှိုင်းဆောင်ရွက်ရမည့်လယ်ယာကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်ခြင်းအပြင် ကာလတိုတွင် အကျိုးရှိပြီး ချက်ချင်းဖော်ဆောင်နိုင်မည့် ကုန်သွယ်မှုအပိုင်းပါ ထည့်သွင်းထားခြင်းသည် ပိုမိုကောင်းမွန်အကျိုးရှိနိုင်မည်ဟု ယုံကြည်ကြောင်း။
- MOA အရ ဆန်၊ ဆန်ကွဲ၊ ပြောင်းနှင့် ဓာတ်မြေဩဇာများကို နှစ်စဉ် နှစ်ဖက်ညှိနှိုင်းမှုဖြင့် ကုန်သွယ်ရောင်းဝယ်မှုပြုလုပ်ခြင်းကို ဝန်ကြီးဌာနအနေဖြင့် အထူးအားပေးပါကြောင်း။
- မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ဆောင်ရွက်သည့် နိုင်ငံဖြစ်သည့်အတွက် လယ်ယာကဏ္ဍမှ ထွက်ရှိသည့် ဆန်၊ ပြောင်း၊ ပဲမျိုးစုံ စသည့် လယ်ယာထွက်ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာ တင်ပို့နိုင်ရေးနှင့် ဈေးကွက်တည်ငြိမ်မှုရရှိရေးသည် လွန်စွာအရေးကြီးသည့်ကိစ္စရပ်ဖြစ်ကြောင်း။
- လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် တရုတ်–မြန်မာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို ပိုမိုမြင့်တင်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း။

တရုတ်နိုင်ငံ၏ Belt and Road အစီအစဉ်နှင့် ချိတ်ဆက်ပူးပေါင်းကာ ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေး၊ စားနပ်ရိက္ခာဘေးကင်းလုံခြုံရေးနှင့် တောင်သူလယ်သမားများ၏ စီးပွားရေးအခွင့်အလမ်းများတိုးတက်ရရှိကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးကိုပါ ဖော်ဆောင်ပေးရန် အရေးကြီးကြောင်း ပြောကြားခဲ့ပါသည်။

လယ်ယာကဏ္ဍထုတ်ကုန်များအတွက် ကျယ်ကျယ်ပြန့်ပြန့်ပူးပေါင်းဆောင်ရွက်နိုင်ရန် MOU အဆင့်မှ MOA အဆင့်တိုးမြှင့်ချုပ်ဆိုခြင်းစာချုပ်ကို လက်မှတ်ရေးထိုးကာ အပြန်အလှန်လဲလှယ်ကြပါသည်။

**(မြဝတီသတင်းစာ ၉–၁၂–၂၀၂၁)**

- **တရုတ်ပြည်သူ့သမ္မတနိုင်ငံ CITIC Group နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် တို့ Memorandum of Agreement လက်မှတ်ရေးထိုးပွဲအခမ်းအနားအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့။**

- မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ဆောင်ရွက်သည့် နိုင်ငံဖြစ်သည့်အတွက် လယ်ယာကဏ္ဍမှ ထွက်ရှိသည့် ဆန်၊ ပြောင်း၊ ပဲမျိုးစုံ စသည့် လယ်ယာထွက်ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာ တင်ပို့နိုင်ရေးနှင့် ဈေးကွက်တည်ငြိမ်မှုရရှိရေးသည် လွန်စွာအရေးကြီးသည့် ကိစ္စရပ်ဖြစ်။
- တရုတ်နိုင်ငံ၏ Belt and Road အစီအစဉ်နှင့် ချိတ်ဆက်ပူးပေါင်းကာ ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေး၊ စားနပ်ရိက္ခာဘေးကင်းလုံခြုံရေးနှင့် တောင်သူလယ်သမားများ၏ စီးပွားရေးအခွင့်အလမ်းများ တိုးတက်ရရှိကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးကိုပါ ဖော်ဆောင်ပေးရန် အရေးကြီးကြောင်း။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီး နှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ



**တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှု**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးခြင်းတို့အား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်-

- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ ၈ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၁၃,၂၄၀ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူ စုစုပေါင်း ၁၇၅,၉၂၄ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ ဒီဇင်ဘာလ ၈ ရက် တွင် ဒုတိယအကြိမ်အဖြစ် ၂၆,၁၄၅ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ၄,၅၁၀ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ဒီဇင်ဘာလ ၈ ရက်အထိ ကျောင်းသား/သူစုစုပေါင်း ၁,၃၇၆,၆၆၇ ဦး ကာကွယ်ဆေး ထိုးနှံပြီးစီးခဲ့ပြီးဖြစ်။
- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဒီဇင်ဘာလ ၈ ရက်အထိ လူဦးရေစုစုပေါင်း ၁၈ ဒသမ ၁၈ သန်းအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ ၁၂ ဒသမ ၅၈ သန်းနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ ၅ ဒသမ ၆ သန်းရှိကာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေစုစုပေါင်း ၃၀ ဒသမ ၇ သန်း ထိုးနှံပြီးဖြစ်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများအား ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရန်အတွက် ဆောင်ရွက်ပေးလျက်ရှိရာ-



တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဦးတည်အုပ်စုများအလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှု



ပြည်ပမှ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ တင်သွင်းနေမှု

- ဒီဇင်ဘာလ ၈ ရက်တွင် မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ၇ ခုမှ ယာဉ် ၁၄ စီးဖြင့် အောက်စီဂျင် (အရည်) Bowser ယာဉ် ၄ စီးဖြင့် ၇၇ တန်နှင့် နှာခေါင်းစည်း (Mask) ၇၄ တန်တို့ကို တင်သွင်းနိုင်ခဲ့။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါရှိ/မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ ၈ ရက်တွင် ဓာတ်ခွဲနမူနာ စုစုပေါင်း ၁၈,၉၇၂ ခုအား စစ်ဆေးခဲ့ပြီး၊ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၉၈ ဦးဖြင့် ရောဂါပိုးတွေ့ရှိမှု ၂.၁၀ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၈-၁၂-၂၀၂၁ ရက်အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း ၅,၇၃၄,၈၉၉ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၂၅,၄၀၃ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၁၅၇ ဦး ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၉-၁၂-၂၀၂၁)**

- **တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ ၈ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၁၃,၂၄၀ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၇၅,၉၂၄ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။**
- **တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူ စုစုပေါင်း ၁,၃၇၆,၆၆၇ ဦး ကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီးဖြစ်။**
- **၈-၁၂-၂၀၂၁ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၅,၇၃၄,၈၉၉ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၂၅,၄၀၃ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၁၅၇ ဦးဖြစ်ပြီး ၈-၁၂-၂၀၂၁ ရက်တွင် ရောဂါပိုးတွေ့ရှိမှု ၂.၁၀ ရာခိုင်နှုန်းရှိ။**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်း



**စေတနာရှင်များက လှူဒါန်းနေမှုများကို တာဝန်ရှိသူများက လက်ခံရယူနေမှု**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ဒီဇင်ဘာလ ၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားတွင် အလှူရှင်များဖြစ်ကြသည့် ကုမ္ပဏီ ၁၀ ခုနှင့် အလှူရှင်မိသားစု ၄ စုတို့မှ ငွေကျပ်သိန်း ၁,၀၀၀ တန်ဖိုးရှိ Liquid Oxygen တန် ၂၀ ဆန့် Tank ၁ လုံး၊ ၁ ရက်လျှင် အောက်ဆီဂျင် ၄၀ လီတာဝင် အလုံး ၁,၀၀၀ ထုတ်ပေးနိုင်သော စက် ၁ လုံး၊ ငွေကျပ် ၉၃၆ သိန်းတန်ဖိုးရှိ Liquid Oxygen တန် ၁၆၀ ဆန့် Tank ၁ လုံး၊ ငွေကျပ် ၃၅၁ သိန်းတန်ဖိုးရှိ Liquid Oxygen တန် ၆၀ ဆန့် Tank ၁ လုံး၊ ငွေကျပ် ၂၃၄ သိန်းတန်ဖိုးရှိ Liquid Oxygen တန် ၄၀ ဆန့် Tank ၁ လုံး၊ ငွေကျပ် ၁၁၇ သိန်းတန်ဖိုးရှိ Liquid Oxygen တန် ၂၀ ဆန့် Tank ၈ လုံး၊ ငွေကျပ် ၄၅၀,၀၀၀ တန်ဖိုးရှိ Hand Gel ၅၀၀ ဘူး၊ Sanitizer ၅၀၀ ဘူး၊ KF 94 Mask ၅၀၀ ခုနှင့် ငွေကျပ်သိန်း ၂၁၀ ကျပ်တို့ကို အသီးသီးလှူဒါန်းခဲ့ကြရာ ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများက တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၉-၁၂-၂၀၂၁)**

- **အလှူရှင်များဖြစ်ကြသည့် ကုမ္ပဏီ ၁၀ ခုနှင့် အလှူရှင်မိသားစု ၄ စုတို့မှ ကျန်းမာရေးအထောက်အကူပစ္စည်းများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့။**

# အကြမ်းဖက်အဖွဲ့များ၏ ဘာသာရေးအပေါ် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင် နေမှုများအား ထပ်မံဖြစ်ပွားမှုမရှိစေရေး တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးက အင်တိုက်အားတိုက် ပူးပေါင်းပါဝင်တားဆီးကြရန် မေတ္တာရပ်ခံ

CRPH နှင့် NUG အမည်ခံအကြမ်းဖက်အဖွဲ့များသည် မြန်မာနိုင်ငံအတွင်း အကြမ်းဖက်လုပ်ငန်းများကို အရှိန်မြင့် စတင်လုပ်ဆောင်ရန် စက်တင်ဘာ ၇ ရက်တွင် ကြေညာခဲ့ပြီး နောက် အချို့ဒေသများတွင် စစ်ဘက်ပစ်မှတ်မဟုတ်သည့် အရပ်ဘက်ပစ်မှတ်များအား ဗုံးခွဲတိုက်ခိုက်ခြင်း၊ မီးရှို့ဖျက် ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းများ အပြင် ဘာသာရေးအရ ကိုးကွယ်ဆည်းကပ်လျက်ရှိသည့် ရဟန်း သံဃာများကိုပင် အကြမ်းဖက်ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း များကို ဆင်ခြင်တုံတရားကင်းမဲ့စွာ အသုံးချလုပ်ဆောင်လျက် ရှိပါသည်။ ထိုသို့ ဘာသာရေးအကြမ်းဖက်လုပ်ဆောင်မှုများ ကြောင့် ဒီဇင်ဘာလ ၈ ရက်အထိ ရဟန်းသံဃာ ၁၄ ပါး ပျံလွန် တော်မူခဲ့ပြီး အချို့ဒေသများရှိ ဘုန်းတော်ကြီးကျောင်းများ မီး ရှို့ဖျက်ဆီးခြင်းနှင့် အကြမ်းဖက်တိုက်ခိုက်ခြင်းခံခဲ့ရပါသည်။

ဒီဇင်ဘာလ ၆ ရက်တွင် ချင်းပြည်နယ်၊ ဖလမ်းမြို့၊ လုံပီးသာသနရက္ခိတာပရိယတ္တိသာသနာပြုစာသင်တိုက် ကျောင်း ထိုင်ဆရာတော်၊ မြို့နယ်သံဃာ့နာယက ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဥာဏိကသည် လူငယ်သင်တန်းကျောင်းမှ ဒုဦးစီးမှူး ဦး ချစ်စန်း မောင်းနှင်သည့် မော်တော်ယာဉ်ဖြင့် စာသင်တိုက်သို့ ပြန်လည်ထွက်ခွာလာစဉ်လမ်းခရီး၌ PDF အမည်ခံအကြမ်းဖက် သမားများ၏ အကြမ်းဖက်ဖမ်းဆီးမှုကို ခံခဲ့ရပါသည်။ ဒီဇင် ဘာလ ၈ ရက်တွင် ဆရာတော်သည် ဖလမ်းမြို့သို့ ပြန်လည် ရောက်ရှိလာသော်လည်း ဒုဦးစီးမှူး ဦးချစ်စန်းမှာ အကြမ်းဖက် သမားများ၏ ဆက်လက်ဖမ်းဆီးခြင်းကို ခံထားရပြီး ပျောက် ဆုံးလျက်ရှိပါသည်။

အလားတူ ဒီဇင်ဘာ ၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသ ကြီး၊ တမူးမြို့၊ မြို့မ(၁၄) ရပ်ကွက်၊ လုဗ္ဗနီကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဝါယမအမှူးပြုသော သံဃာ တော် ၃ ပါးနှင့် ကပ္ပိယ ၁ ဦးတို့သည် ကျောင်းတိုက်ပိုင် မော် တော်ယာဉ်ဖြင့် လှည်းဆိပ်ကျေးရွာရှိ အလှူမှပြန်လည်ထွက် ခွာလာခဲ့ပြီး ချောင်းနက်ကြီးကျေးရွာ အနီးသို့အရောက်တွင် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ဝိုင်းဝန်းပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် မော်တော်ယာဉ် ပျက်စီးခဲ့ရပါသည်။


ထို့ပြင် ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်၌ သီတင်းသုံး လျက်ရှိသော တောင်တန်းသာသနာပြုဆရာတော် ဘဒ္ဒန္တပညာ ဇောတကိုလည်း ဇွန်လ ၁၂ ရက်တွင် အကြမ်းဖက်သမားများ က မော်တော်ယာဉ်နှင့်အတူ အကြမ်းဖက်မီးရှို့သတ်ဖြတ်ခဲ့ပါ သည်။

ကမ္ဘာပေါ်ရှိနိုင်ငံတိုင်းတွင် နိုင်ငံရေးအရ သဘောထား ကွဲလွဲခွင့်၊ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်မှုများရှိသော်လည်း ဘာ သာရေးနှင့်ပတ်သက်၍ ယခုကဲ့သို့ အကြမ်းဖက်လုပ်ဆောင်မှု မျိုး မည်သည့်နိုင်ငံတွင်မှ လုပ်ဆောင်မှုမရှိသည်ကို သတိပြုရန် လိုအပ်ပြီး ဘာသာရေးနှင့်ပတ်သက်၍ အကြမ်းဖက်မှုများကို လည်း လုပ်ဆောင်ရန်မသင့်ကြောင်း သတိပြုမိရန်လိုအပ်ပါ သည်။ မြန်မာနိုင်ငံအတွင်းရှိ မည်သည့်အဖွဲ့အစည်းမဆို ဘာ သာရေးနှင့်ပတ်သက်၍ ခြိမ်းခြောက်ခြင်း၊ အကြပ်ကိုင်ခြင်း၊ ဖမ်း ဆီးခြင်းနှင့် သတ်ဖြတ်ခြင်းများအပါအဝင် အကြမ်းဖက်လုပ်ရပ် မှန်သမျှကို ထပ်မံလုပ်ဆောင်ခြင်းမပြုရန် လေးနက်စွာသတိ ပေးထုတ်ပြန်ထားရှိပါသည်။ ထို့ပြင်ဘာသာရေးအပေါ် အကြမ်း ဖက်လုပ်ရပ်များ လုပ်ဆောင်လာမှုထပ်မံမဖြစ်ပွားစေရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက လုံခြုံရေးတပ်ဖွဲ့ဝင် များနှင့် အပြည့်အဝပူးပေါင်း၍ တားဆီးဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံသတင်းထုတ်ပြန်ထားရှိပါသည်။

- **CRPH နှင့် NUG အမည်ခံအကြမ်းဖက်အဖွဲ့များသည် ရဟန်းသံဃာများကို အကြမ်းဖက်ဖမ်းဆီးခြင်း၊ သတ်ဖြတ် ခြင်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာ အသုံးချလုပ်ဆောင်လျက်ရှိ။**
- **အကြမ်းဖက်လုပ်ဆောင်မှုများကြောင့် ဒီဇင်ဘာလ ၈ ရက်အထိ ရဟန်းသံဃာ ၁၄ ပါးပျံလွန်တော်မူခဲ့ပြီး အချို့ ဒေသများရှိ ဘုန်းတော်ကြီးကျောင်းများ မီးရှို့ဖျက်ဆီးခြင်းနှင့် အကြမ်းဖက်တိုက်ခိုက်ခြင်းခံခဲ့ရ။**



ကလေးမြို့နယ်မှ အရှင်ဉာဏိန္ဒအား အကြောင်းမဲ့သတ်ဖြတ်ခဲ့မှု



ဝမ်းတွင်းမြို့နယ်မှ ဦးသောမနအား အကြောင်းမဲ့သတ်ဖြတ်ခဲ့မှု



မင်းတပ်မြို့နယ် ဘဒ္ဒန္တပညာဇောတအား အကြောင်းမဲ့ မီးရှို့သတ်ဖြတ်မှု



ကောလင်းမြို့နယ်မှ ဦးကုမာရအား အကြောင်းမဲ့သတ်ဖြတ်ခဲ့မှု

- ကမ္ဘာပေါ်ရှိနိုင်ငံတိုင်းတွင် နိုင်ငံရေးအရ သဘောထားကွဲလွဲခွင့်၊ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်မှုများရှိသော်လည်း ဘာသာရေးနှင့်ပတ်သက်၍ ယခုကဲ့သို့ အကြမ်းဖက်လုပ်ဆောင်မှုမျိုး မည်သည့်နိုင်ငံတွင်မှ လုပ်ဆောင်မှုမရှိသည်ကို သတိပြုရန်လို။
- ဘာသာရေးအပေါ် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လာမှု ထပ်မံမဖြစ်ပွားစေရေးအတွက် တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အပြည့်အဝပူးပေါင်း၍ တားဆီးဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံ သတင်းထုတ်ပြန်ထားရှိ။

## မုံရွာမြို့အတွင်း လုပ်ကြံသတ်ဖြတ်မှုများနှင့် အကြမ်းဖက်ဖောက်ခွဲရေး ဆောင်ရွက်ခဲ့သော MHG အကြမ်းဖက်အဖွဲ့ဝင်များ ဖမ်းဆီးရမိ



**မုံရွာမြို့၊ ဘုန်းစိုးရပ်ကွက်၌ တရားခံများထံမှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ၏ မှတ်တမ်းဓာတ်ပုံ**

မုံရွာမြို့အတွင်း ဖောက်ခွဲဖျက်ဆီးရေးနှင့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် MHG အကြမ်းဖက်အဖွဲ့ဝင်များဖြစ်သော သီဟ (ခ)သီဟအောင် (၃၀)နှစ်၊ အိတုံ (၁၉)နှစ်နှင့် သက်နိုင်းကိုကို(၂၂)နှစ်တို့ ၃ ဦးအား မုံရွာမြို့၊ ဘုန်းစိုးရပ်ကွက်၌ Bretta ပစ္စတို ၁ လက်၊ Sigsauer ပစ္စတို ၁ လက်၊ လက်လုပ်ပစ္စတို ၁ လက်၊ ပစ္စတိုကျည်အိမ် ၂ ခု၊ ၉ မမ ကျည် ၁၀ တောင့်၊ လက်လုပ်ဗုံး ၂ လုံး၊ လက်လုပ်သေနတ်ပြောင်း သံပိုက် ၄ ချောင်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည့်ဖြစ်စဉ်အား နိုဝင်ဘာလ ၂၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

အဆိုပါတရားခံများ၏ ထွက်ဆိုချက်များနှင့် စစ်ဆေးဖော်ထုတ်ချက်များအရ-

- ဒီဇင်ဘာလ ၃ ရက်တွင် မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၌ ရတနာပုံရပ်ကွက်နေ ထူးသန့်လွင် (ခ)မိုးကြိုး(၁၉)နှစ်၊ အင်္ကတောရွာပြင်ရပ်ကွက်နေ အောင်ဖေယျ(၁၉)နှစ်နှင့် နန္ဒဝန်ရပ်ကွက်နေ ထိုက်ဇော်အောင်(၁၈)နှစ်တို့ ၃ ဦးအား ဖမ်းဆီးရမိခဲ့။
- ၎င်းတရားခံများ တိမ်းရှောင်တည်းခိုနေထိုင်ခဲ့သည့် မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်ရှိ HONEY တည်းခိုခန်း၌ တည်းခိုခန်းပိုင်ရှင် ပွတ်စပါးဒေဝီ (၅၈)နှစ်နှင့် မန်နေဂျာ အောင်ကျော်မြင့်(၂၇)နှစ်တို့ ၂ ဦးအား ဖမ်းဆီးရမိခဲ့။
- ဖြစ်စဉ်တွင် တရားခံ ကျား ၇ ဦး၊ မ ၁ ဦး၊ ပေါင်း ၈ ဦးအား ပစ္စတို ၃ လက်၊ ကျည် အိမ် ၂ ခု၊ ကျည် ၁၀ တောင့်၊ လက်လုပ်ဗုံး ၂ လုံး တို့နှင့်အတူ ဖမ်းဆီးရမိခဲ့။
- တရားခံ သက်နိုင်းကိုကိုသည် မုံရွာမြို့နယ်၊ သာစည်ရွာအနီးတွင်လည်းကောင်း၊ အိတုံသည် ဖားကန့်မြို့နယ်၊ မော်ကုဋ္ဌေကျေးရွာအနီးရှိ KIA သင်တန်းကျောင်းတွင် လည်းကောင်း၊ ဖောက်ခွဲဖျက်ဆီးရေးအကြမ်းဖက်သင်တန်းအား တက်ရောက်ခဲ့ကြောင်း။
- လက်နက်/ခဲယမ်းရရှိမှုအနေဖြင့် သီဟ(ခ)သီဟအောင်၏ ချိတ်ဆက်ပေးမှုဖြင့် မြဝတီမြို့နေသူ ဖမ်းဆီးရန်ကျန် မောင်ကျော် အပါအဝင် (စိစစ်ဆဲ)ကျား ၄ ဦးမှ အောက်တိုဘာလ ၂၀ ရက်တွင် တရားခံ အောင်ဖေယျ၏နေအိမ်၌ ထူးသန့်လွင်၊ ထိုက်ဇော်အောင်နှင့် ဖမ်းဆီးရန်ကျန် မြင့်မောင်မောင်တို့အား Glock ပစ္စတို ၂ လက်၊ Bretta ပစ္စတို ၁ လက်တို့အား လာရောက်ပို့ဆောင်ပေးခဲ့ကြောင်း။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ မုံရွာမြို့နယ်အတွင်း အပြစ်မဲ့ပြည်သူများအား ပုဂ္ဂိုလ်ရေးဆိုင်ရာမကျေနပ်မှုနှင့် ဌာနဆိုင်ရာ သတင်းပေးဒလန်ဟု စွပ်စွဲကာ အကြမ်းဖက်သတ်ဖြတ်မှုအနေဖြင့် ၆ ကြိမ် ရှိခဲ့ပါသည်-



**မုံရွာတက္ကသိုလ်အနီး၌ လက်လုပ်ဗုံးတစ်လုံးပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ**

- ဩဂုတ်လ ၂ ရက်တွင် အိတုံနှင့် သက်နိုင်းကိုကိုတို့ ၂ ဦးသည် မုံရွာမြို့ နန္ဒဝန်ရပ်ကွက်နေ အပြစ်မဲ့ပြည်သူ အမျိုးသားတစ်ဦးအား ပစ္စတိုသေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း။
- ဩဂုတ်လ ၂ ရက်တွင် ထူးသန့်လွင်၊ အိတုံနှင့် ဖမ်းဆီးရန်ကျန် ကောင်းဆုသာတို့ ၃ ဦး သည် မုံရွာမြို့ တစ်နယ်ပေါက်တောရပ်ကွက်နေ အပြစ်မဲ့ပြည်သူ အမျိုးသားတစ်ဦးအား ဓားဖြင့်ထိုးသတ်ခဲ့ကြောင်း။
- အောက်တိုဘာလ ၁ ရက်တွင် အိတုံနှင့် သက်နိုင်းကိုကိုတို့ ၂ ဦးသည် မုံရွာမြို့ ပြည်တော်သာရပ်ကွက်နေ အပြစ်မဲ့ပြည်သူ အမျိုးသမီးတစ်ဦးအား ပစ္စတိုသေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း။
- အောက်တိုဘာလ ၅ ရက်တွင် အိတုံ၊ သက်နိုင်းကိုကိုနှင့် ဖမ်းဆီးရန်ကျန် ကောင်းဆုသာ တို့ ၃ ဦးသည် မုံရွာမြို့နယ်၊ သစ်ဆိမ့်ကျေးရွာနေ အပြစ်မဲ့ပြည်သူ အမျိုးသားတစ်ဦးအား ပစ္စတိုသေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း။
- အောက်တိုဘာလ ၈ ရက်တွင် ထူးသန့်လွင်၊ အိတုံနှင့် သက်နိုင်းကိုကို တို့ ၃ ဦးသည် မုံရွာမြို့ အင်းရွာသစ်ရပ်ကွက်နေ အပြစ်မဲ့ပြည်သူ အမျိုးသားတစ်ဦးအား ပစ္စတိုသေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း။
- အောက်တိုဘာလ ၉ ရက်တွင် ထူးသန့်လွင်နှင့် သက်နိုင်းကိုကို တို့ ၂ ဦးသည် မုံရွာမြို့နယ်၊ ကြေးမုံကွက်သစ်ကျေးရွာနေ အပြစ်မဲ့ပြည်သူ အမျိုးသားတစ်ဦးအား ပစ္စတိုသေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း။
- အဆိုပါလုပ်ကြံသတ်ဖြတ်မှုများအား အစွန်းရောက် NLD အမာခံများဖြစ်သည့် ထူးသန့်လွင်နှင့် ဖမ်းဆီးရန်ကျန် ကောင်းဆုသာတို့သည် သေနတ်ထုတ်ပေး၍ ငွေကြေးများထောက်ပံ့ပေးကာ စေခိုင်းလျက်ရှိပြီး အိတုံနှင့် သက်နိုင်းကိုကိုတို့သည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အခြေအနေအား လမ်းကြောင်းကြည့်ရှုပြီး ၎င်းတို့ကိုယ်တိုင်သတ်ဖြတ်ပေးခဲ့ကြောင်း။

ဖမ်းဆီးရမိတရားခံများအနေဖြင့် မုံရွာမြို့နယ်အတွင်း ဖောက်ခွဲဖျက်ဆီးရေးလုပ်ဆောင်မှုအနေဖြင့် ၄ ကြိမ် ရှိပါသည်–

- ဩဂုတ်လ ၂၉ ရက်တွင် ဖမ်းဆီးရန်ကျန် သိန်းနိုင်ဝင်း(ခ) ဘိုသိန်း ဦးစီးအဖွဲ့သည် မုံရွာမြို့ သာစည်လမ်းရှိ TTC ကျောင်းရှေ့၌ ဗုံးဖောက်ခွဲခဲ့ကြောင်း။
- စက်တင်ဘာလ ၅ ရက်တွင် ထူးသန့်လွင်၊ အောင်ဇေယျ၊ သက်နိုင်းကိုကိုနှင့် ဖမ်းဆီးရန်ကျန် ကောင်းဆုသာ တို့ ၄ ဦးသည် သလ္လာရပ်ကွက်၊ ဆည်မြောင်းရုံးအနီး လမ်းကြားတွင် ဗုံးဖောက်ခွဲခဲ့ကြောင်း။
- စက်တင်ဘာလ ၉ ရက်တွင် ထူးသန့်လွင်၊ ဖမ်းဆီးရန်ကျန် ကောင်းဆုသာတို့သည် မုံရွာတက္ကသိုလ်အနီး သန်းကုဋေအောင် ဆီဆိုင်ရှေ့ ဂျစ်ကားအပျက်ပေါ်တွင် ဗုံးဖောက်ခွဲခဲ့ကြောင်း။
- စက်တင်ဘာလ ၁၅ ရက်တွင် ဖမ်းဆီးရန်ကျန် ထွန်းထွန်းဝင်း(ခ) အငယ်လေးသည် မုံရွာမြို့ ကန်သာရပ်ကွက်၊ ဗိုလ်ချုပ်လမ်းရှိ We Love Monywa ဆိုင်းဘုတ်အနီး၌ ဗုံးဖောက်ခွဲမှုများ ပြုလုပ်ခဲ့ကြောင်း။
- ဖမ်းဆီးရန်ကျန် ကောင်းဆုသာ၏ ချိတ်ဆက်ပေးမှုဖြင့် ထူးသန့်လွင်(ခ)မိုးကြိုး၊ အောင်ဇေယျနှင့် ထိုက်ဇော်အောင် တို့ ၃ ဦးသည် HONEY တည်းခိုခန်းအား Safe House




**မုံရွာမြို့၊ ကန်သာယာရပ်ကွက်ရှိ We Love Monywa ဆိုင်းဘုတ်၌ လက်လုပ်ဗုံး ပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ**

အဖြစ် အသုံးပြုကာ အကြမ်းဖက်လုပ်ငန်းများအား ဆောင်ရွက်ခဲ့ကြောင်း။

- တရားခံများ၏ ထွက်ဆိုချက်အရ အကြမ်းဖက်သတ်ဖြတ်မှုနှင့် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများအား ဖမ်းဆီးရန်ကျန် မုံရွာ PDF အကြမ်းဖက်အဖွဲ့မှ အစွန်းရောက် NLD အမာခံများဖြစ်သည့် ကောင်းဆုသာ၊ သိန်းနိုင်ဝင်း(ခ)ဘိုသိန်း၊ မြင့်မောင်မောင်၊ အောင်ဖြိုးဝေ(ခ)ဆရာကျောင်းတို့က စေခိုင်းခဲ့ကြောင်း။


အကြမ်းဖက် CRPH၊ NUG၊ PDF အဖွဲ့များသည် အစိုးရ၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်၍ နိုင်ငံဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအား ဒလန်ဟု စွပ်စွဲကာ လုပ်ကြံသတ်ဖြတ်ခြင်း၊ ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန်ရည်ရွယ်၍ အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းစသည့် အကြမ်းဖက်လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိပါသည်။ တည်ငြိမ်အေးချမ်းစွာနေထိုင်ကြသော ပြည်သူများက PDF အကြမ်းဖက်သမားများ၏ ဥပဒေမဲ့မင်းမဲ့စရိုက်ဆန်စွာ လုပ်ဆောင်မှုများကို ရွံရှာစက်ဆုပ်နေကြပြီး ၎င်းတို့၏သတင်းများကို သိရှိရသည်နှင့် တစ်ပြိုင်နက် လုံခြုံရေးတပ်ဖွဲ့ဝင်များအား သတင်းပေးပို့မှုများကြောင့် အကြမ်းဖက်သမားများကို ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ပါသည်။

အထက်ပါဖမ်းဆီးရမိသူ ၈ ဦးအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ပါကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း သတင်းထုတ်ပြန်ထားရှိပါသည်။

**(မြဝတီသတင်းစာ ၉-၁၂-၂၀၂၁)**

- **မုံရွာမြို့အတွင်း ဖောက်ခွဲဖျက်ဆီးရေးနှင့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် MHG အကြမ်းဖက်အဖွဲ့ဝင် ၈ ဦးအား ပစ္စတို ၃ လက်၊ ကျည် အိမ် ၂ ခု၊ ကျည် ၁၀ တောင့်၊ လက်လုပ်ဗုံး ၂ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့။**
- **မုံရွာမြို့နယ်အတွင်း အပြစ်မဲ့ပြည်သူများအား ပုဂ္ဂိုလ်ရေးဆိုင်ရာမကျေနပ်မှုနှင့် ဌာနဆိုင်ရာသတင်းပေးဒလန်ဟု စွပ်စွဲကာ အကြမ်းဖက်သတ်ဖြတ်မှုအနေဖြင့် ၆ ကြိမ်နှင့် ဖောက်ခွဲဖျက်ဆီးရေးလုပ်ဆောင်မှုအနေဖြင့် ၄ ကြိမ် ပြုလုပ်ခဲ့။**
- **အကြမ်းဖက်သတ်ဖြတ်မှုနှင့် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများအား ဖမ်းဆီးရန်ကျန် မုံရွာ PDF အကြမ်းဖက်အဖွဲ့မှ အစွန်းရောက် NLD အမာခံများဖြစ်သည့် ကောင်းဆုသာ၊ သိန်းနိုင်ဝင်း(ခ)ဘိုသိန်း၊ မြင့်မောင်မောင်၊ အောင်ဖြိုးဝေ(ခ) ဆရာကျောင်းတို့က စေခိုင်းခဲ့။**

## မုံရွာမြို့အတွင်း အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် SRAF အကြမ်းဖက်အဖွဲ့ဝင်များ ဖမ်းဆီးရမိမှု အခြေပြဇယား





မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၌ အပြစ်မဲ့ပြည်သူတစ်ဦးအား အကြမ်းဖက်သမားများက သတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ


မုံရွာမြို့၊ တစ်နယ်ပေါက်တောရပ်ကွက်၌ အပြစ်မဲ့ပြည်သူတစ်ဦးအား အကြမ်းဖက်သမားများက သတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ




**အကြမ်းဖက်တရားခံများ တည်းခိုခဲ့သည့် မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်ရှိ HONEY တည်းခိုခန်း**



**မုံရွာမြို့၊ အင်းရွာသစ်ရပ်ကွက်၌**
**အပြစ်မဲ့ပြည်သူတစ်ဦး ပစ်ခတ်ခံရသည့် မှတ်တမ်းဓာတ်ပုံ**



**မုံရွာမြို့၊ ကြေးမုံကွက်သစ်ကျေးရွာ၌**
**အပြစ်မဲ့ပြည်သူတစ်ဦး ပစ်ခတ်ခံရသည့် မှတ်တမ်းဓာတ်ပုံ**

# လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဟောင်း ဦးဝင်းခိုင်၊ ဒုတိယ ဝန်ကြီးဟောင်း ဒေါက်တာထွန်းနိုင်နှင့် ဒုတိယဝန်ကြီးဟောင်း ဦးခင်မောင်ဝင်းတို့ အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဟောင်း ဦးဝင်းခိုင်နှင့် တာဝန်ရှိသူများအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့်အညီ အရေးယူပေးပါရန် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

အဆိုပါအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဟောင်း ဦးဝင်းခိုင်နှင့် ဒုတိယဝန်ကြီးဟောင်း ဒေါက်တာထွန်းနိုင် တို့သည် -

- ၂၀၁၅ ခုနှစ် မတ် ၁၂ ရက်တွင် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနက ဆောင်ရွက်သည့် အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းမှ ရေသွယ်ဥမင်ဖောက်လုပ်ခြင်းလုပ်ငန်း (Underground Works) အား နိုင်ငံတကာ ကုမ္ပဏီတစ်ခုနှင့် စာချုပ်ချုပ်ဆိုဆောင်ရွက်ခဲ့ရာ မူလစာချုပ်ပါလုပ်ငန်းပြီးစီးရမည့်ကာလမှာ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၄ ရက်အထိ လ ၄၀ သတ်မှတ်ခဲ့သော်လည်း ဝန်ကြီးဌာန၏လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ(MC)နှင့် အမှုဆောင်ကော်မတီ (EC) အစည်းအဝေးဆုံးဖြတ်ချက်များဖြင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၄ ရက်ထိ ၁၆ လ သက်တမ်းတိုးပေးခဲ့။
- အဆိုပါသက်တမ်းတိုးခဲ့ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခြင်းမပြုဘဲ ၁၆ လ သက်တမ်းတိုးမြှင့်ခွင့်ပြုပေးခဲ့သဖြင့် ထုတ်လုပ်မှု ကီလိုဝပ်နာရီ(ယူနစ်) သန်းပေါင်း ၁,၈၀၀ ကျော်ခန့် ထုတ်လုပ်နိုင်မှုမရှိသည့်အတွက် နိုင်ငံတော်၏ဘဏ္ဍာငွေကျပ် ၃၀ ဘီလီယံခန့် ထိခိုက်နစ်နာ ဆုံးရှုံးစေခဲ့ကြောင်း။
- လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဟောင်း ဦးဝင်းခိုင်နှင့် ဒုတိယဝန်ကြီးဟောင်း ဒေါက်တာထွန်းနိုင်တို့သည် ထားဝယ်ဒေသတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးဆောင်ရွက်သည့် တနင်္သာရီတိုင်းဒေသကြီးအစိုးရက စီမံခန့်ခွဲသည့် GGS ကုမ္ပဏီအတွက် ဓာတ်ငွေ့ဖိုး ငွေကျပ် ၆ ဘီလီယံကျော်ခန့်ကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ ခွင့်ပြုချက်ရယူမှုမရှိဘဲ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းဌာန ဘတ်ဂျက်မှ ကြိုတင်စိုက်ထုတ်ပေးချေရန် ခွင့်ပြုခဲ့ခြင်း။
- ဒုတိယဝန်ကြီးဟောင်း ဦးခင်မောင်ဝင်းသည် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး တာဝန်ထမ်းဆောင်ခဲ့စဉ်က ဓာတ်ငွေ့ဖိုး ငွေကျပ် ၆ ဘီလီယံကျော်ခန့်ကို နိုင်ငံတော်ဘဏ္ဍာတွင် ဘတ်ဂျက်ငွေတင်ပြတောင်းခံပေးချေခဲ့ပြီးဓာတ်ငွေ့ဖိုး ကြွေးကျန်ဖြစ်ပေါ်နေမှုကို ဝန်ကြီးဌာနအမှုဆောင်ကော်မတီအစည်းအဝေး (EC)သို့ တင်ပြမှုမရှိသဖြင့် နိုင်ငံတော်၏ ဘဏ္ဍာငွေကျပ် ၆ ဘီလီယံကျော်ခန့် ထိခိုက်နစ်နာစေခဲ့ခြင်း။
- ဒုတိယဝန်ကြီးဟောင်း ဦးခင်မောင်ဝင်းသည် ဦးဆောင်ညွှန်ကြားရေးမှူး တာဝန်ထမ်းဆောင်ခဲ့စဉ်က နိုင်ငံတော်၏ငွေကြေးကို ထိခိုက်နစ်နာဆုံးရှုံးစေရာတွင် အားပေးကူညီခြင်းဖြစ်ကြောင်း။

စစ်ဆေးပေါ်ပေါက်ချက်များအရ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဟောင်း ဦးဝင်းခိုင်နှင့် ဒုတိယဝန်ကြီးဟောင်း ဦးထွန်းနိုင်တို့အား အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅ အရလည်းကောင်း၊ ဒုတိယဝန်ကြီးဟောင်း ဦးခင်မောင်ဝင်းအား အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅/၆၃ အရ လည်းကောင်း နေပြည်တော် ဘုရားကုန်းမြို့မရဲစခန်းတွင် ဒီဇင်ဘာလ ၈ ရက်တွင် ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၉-၁၂-၂၀၂၁)**



ဦးဝင်းခိုင်



ဒေါက်တာ ထွန်းနိုင်



ဦးခင်မောင်ဝင်း

- သက်တမ်းတိုးခဲ့ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခြင်းမပြုဘဲ ၁၆ လ သက်တမ်းတိုးမြှင့်ခွင့်ပြုပေးခဲ့သဖြင့် ထုတ်လုပ်မှု ကီလိုဝပ်နာရီ(ယူနစ်) သန်းပေါင်း ၁,၈၀၀ ကျော်ခန့် ထုတ်လုပ်နိုင်မှုမရှိသည့်အတွက် နိုင်ငံတော်၏ ဘဏ္ဍာငွေကျပ် ၃၀ ဘီလီယံခန့် ထိခိုက်နစ်နာ ဆုံးရှုံးစေခဲ့။
- ပြည်ထောင်စုဝန်ကြီးဟောင်း ဦးဝင်းခိုင်နှင့် ဒုတိယဝန်ကြီးဟောင်း ဒေါက်တာထွန်းနိုင်တို့သည် တနင်္သာရီတိုင်းဒေသကြီး အစိုးရက စီမံခန့်ခွဲသည့် GGS ကုမ္ပဏီအတွက် ဓာတ်ငွေ့ဖိုး ငွေကျပ် ၆ ဘီလီယံကျော်ခန့်ကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက် ရယူမှုမရှိဘဲ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းဌာနဘတ်ဂျက်မှ ကြိုတင်စိုက်ထုတ်ပေးချေရန် ခွင့်ပြုခဲ့။
- ဒုတိယဝန်ကြီးဟောင်း ဦးခင်မောင်ဝင်းသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူးတာဝန်ထမ်းဆောင်ခဲ့စဉ်က ဓာတ်ငွေ့ဖိုး ငွေကျပ် ၆ ဘီလီယံကျော်ခန့်ကို နိုင်ငံတော်ဘဏ္ဍာတွင် ဘတ်ဂျက်ငွေတင်ပြတောင်းခံပေးချေပြီး ဓာတ်ငွေ့ဖိုး ကြွေးကျန်ဖြစ်ပေါ်နေမှုကို ဝန်ကြီးဌာနအမှုဆောင်ကော်မတီ အစည်းအဝေး (EC)သို့ တင်ပြမှုမရှိသဖြင့် နိုင်ငံတော်၏ ဘဏ္ဍာငွေကျပ် ၆ ဘီလီယံ ကျော်ခန့် ထိခိုက်နစ်နာစေခဲ့။